**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၃၂ / ၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်**
**( ၂၀၁၇ ခုနှစ်၊ မေလ ၂၄ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၁၇/ ၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၁၇ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ယန္တရားများနှင့် လုပ်ငန်းသုံး ယန္တရားများအား အရောင်းပြခန်း ( Show Room ) များတွင် ရောင်းချရန် တင်သွင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များအနက်မှ လုပ်ငန်းရှင်များ အခက်အခဲဖြစ်ပေါ်နေသည့် အခြေ အနေအရ လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် အောက်ပါအချက်များ ပြင်ဆင်သတ်မှတ်ခွင့်ပြုသည် -

(က) ယန္တရားအရောင်းပြခန်းဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေ သိန်း (၁၅၀၀) အား မြန်မာနိုင်ငံ တော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် သီးခြားငွေ စာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

( ခ ) အပ်ကုန် (Consignment) ဖြင့် တင်သွင်းခဲ့သည့် ယန္တရားများရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်းရှင်းလင်းခြင်း၊ လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထား သောစည်းကမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကို အပြီးသတ် ဆောင်ရွက် ပြီးပါက အပ်နှံထားသော အာမခံငွေ မြန်မာကျပ်ငွေ သိန်း (၁၅၀၀) အား ပြန်လည် ထုတ်ယူနိုင်သည်။

( ဂ ) ယန္တရားအရောင်းပြခန်း ပြုလုပ်သည့် ကုမ္ပဏီအနေဖြင့် သတ်မှတ်မြေဧရိယာ အကျယ်အဝန်းမှာ တစ်နေရာတည်း (၃) ဧကအောက် လျော့နည်းမှုရှိနေသော် လည်း ယာဉ်ယန္တရားသိုလှောင်နေရာ၊ ယာဉ်ယန္တရားစက်ပြင်အလုပ်ရုံနှင့် ယာဉ် ယန္တရားအရောင်းပြခန်းနေရာ (၃) ခုပေါင်း ဧရိယာသည် (၃) ဧကရှိပါက ဖွင့်လှစ်ခွင့်ပြုပါမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၄/၂(၁) - ၄၉/၂၀၁၇ ( ၂၄ )
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ မေလ ၂၄ ရက်

**ဖြန့်ဝေခြင်း**
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း

မော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

တိုးအောင်မြင့်<br>အမြဲတမ်းအတွင်းဝန်